**အာဆီယံ - မြန်မာအာဏာသိမ်းစစ်အုပ်စုအပေါ် လက်နက်ကုန်သွယ်ခွင့် တားမြစ်မှု (Arms Embargo) ကို ထောက်ခံအားပေးရန်လိုအပ်**

*"အနှစ်ချုပ်အစီရင်ခံစာ" အသစ်သည် မြန်မာနိုင်ငံ ကရင်နီပြည်နယ်ရှိ စစ်ရာဇဝတ်မှုများ၊ အရပ်သားများအပေါ် ဆက်လက်တိုက်ခိုက်နေမှုများကို အသေးစိတ်ဖော်ပြထားပါသည်။*

(၁၅ ဖေဖော်ဝါရီ ၂၀၂၂ ဘန်ကောက်) - မြန်မာစစ်တပ်သည် ကရင်နီပြည်နယ်ရှိ စစ်ရာဇဝတ်မှုမြောက်နိုင်သည့် လုပ်ရပ်များကျူးလွန်လျက် အရပ်သားပြည်သူများကို အစုလိုက်အပြုံလိုက်သတ်ခြင်း၊ လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်းများနှင့် အခြားရက်စက်ယုတ်မာမှုများ လုပ်ဆောင်လျက်ရှိကြောင်း Fortify Rights က ယနေ့ထုတ် **အစီရင်ခံစာ**သစ်တွင်ဆိုထားသည်။ Fortify Rights အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာ့အာဏာသိမ်းစစ်အုပ်စုအား လက်နက်နှင့် နှစ်လမ်းသွားနည်းပညာ (Dual Use Technology) ရောင်းချခြင်းကို တားမြစ်ရန် UN လုံခြုံရေးကောင်စီမှ ချမှတ်သည့် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့် (Global Arms Embargo) ကို အားပေးထောက်ခံသင့်ကြောင်း အကြံပေးထားပါသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ယခုလာမည့် ဗုဒ္ဓဟူးနေ့ နှစ်ပတ်လည်အစည်းအဝေးတွင် တွေ့ဆုံဖို့ရန် ရှိပါသည်။

*"မြန်မာအာဏာသိမ်းအုပ်စုဟာ ကမ္ဘာ့ဈေးကွက်က ဝယ်ယူထားတဲ့ လက်နက်တွေနဲ့ ပြည်သူတွေကို သတ်ဖြတ်နေတာပါ။ ဒါတွေကို ရပ်တန့်ဖို့လိုလိမ့်မယ်"*ဟု Fortify Rights မှ Regional Director တစ်ဦးဖြစ်သူ Ismail Wolff က ဆိုသည်။ *"ပြည်သူ့အပေါ်တိုက်ခိုက်တဲ့လုပ်ရပ်တွေနဲ့ပတ်သက်လို့ မြန်မာ့အာဏာသိမ်းစစ်အုပ်စုကို ပြန်လည်ဆင်ခြင်နိုင်အောင်လုပ်ဖို့က ပြတ်သားခိုင်မာတဲ့ အရေးယူဆောင်ရွက်မှုတွေ လိုအပ်တယ်။ UN လုံခြုံရေးကောင်စီအနေနဲ့ မြန်မာစစ်တပ်အပေါ် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့်တားမြစ်မိန့်ကို အရေးပေါ်ချမှတ်ပြီးတော့ အာဆီယံအနေနဲ့လည်း ဒါကိုအားပေးထောက်ခံမှ စနစ်ကျပြီး အသိသတိထားဆောင်ရွက်ရာ ရောက်လိမ့်မယ်"* ဟု ၎င်းက ဆိုသည်။

**"မြန်မာနိုင်ငံ၊ ကရင်နီ(ကယား)ပြည်နယ်ရှိ ဖြစ်ပေါ်ဆဲ စစ်ရာဇဝတ်မှုများ - မေလ ၂၀၂၁ မှ ဇန်နဝါရီ ၂၀၂၂"** ဟု အမည်ရှိ ၃၆ မျက်နှာပါ အနှစ်ချုပ်အစီရင်ခံစာသည် နိုင်ငံအနှံ့ အာဏာသိမ်းစစ်အုပ်စုမှ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ၏ တစ်စိတ်တစ်ဒေသကိုသာ ကိုယ်စားပြုသည့် မြန်မာ့စစ်တပ်မှ ကရင်နီပြည်နယ်ရှိ အရပ်သား ၆၁ ယောက်ကို သတ်ဖြတ်ခဲ့မှုနှင့် ဆက်စပ်သော အချက်အလက်များကိုလည်း မှတ်တမ်းတင်ထားပါသည်။

အစီရင်ခံစာ၌ ၂၀၂၁ ဒီဇင်ဘာ ၂၄ တွင် မြန်မာစစ်တပ်မှ ကလေးတစ်ယောက်နှင့် Save the Children တွင် လုပ်ကိုင်နေသော လူသားချင်းစာနာထောက်ထားရေး လုပ်သား ၂ ဦးအပါအဝင် အနည်းဆုံးအရပ်သားပြည်သူ ၄၀ ကို သတ်ဖြတ်ခဲ့သည့် ကရင်နီပြည်နယ် ဖရူဆိုမြို့နယ်ရှိ မိုဆိုရွာနား "ခရစ်စမတ်အကြို

အစုလိုက်အပြုံလိုက်လူသတ်မှု” နှင့် ပတ်သက်သည့် ထပ်လောင်းအသေးစိတ်အချက်အလက်များလည်း ပါဝင်ပါသည်။



ကရင်နီပြည်နယ်၊ ဖရူးဆိုမြို့နယ်၊ မိုဆိုရွာနား KNDF စစ်တပ်များက ရိုက်ကူးခဲ့သည့် ခရစ်စမတ်အကြို အစုလိုက်အပြုံလိုက် လူသတ်မှုမှ မီးလောင်ခြစ်တူးနေသော ကိုယ်ခန္ဓာအကြွင်းအကျန်နှင့် မီလောင်ခံထားရသော ယာဉ်များပါရှိသည့် လက်ကိုင်ဖုန်းဗီဒီယို screenshots များ
©Karenni National Defense Force, December 2021

အဆိုပါ အစုလိုက်အပြုံလိုက်လူသတ်မှုမှ သယ်ယူလာသည့် ရုပ်အလောင်းများကို ခွဲစိတ်စစ်ဆေးခဲ့သော ဆေးဆရာဝန်တစ်ဦး (လုံခြုံရေးအရ အမည်ကို ထိမ်ချန်ထားပါသည်)က အလောင်းများမှာ လုံးဝလောင်ကျွမ်းခြင်းခံထားရသောကြောင့် ခွဲစိတ်စစ်ဆေးရန် မဖြစ်နိုင်တော့ကြောင်း Fortify Rights ကို ပြောကြားခဲ့ပါသည်။ သို့သော် သူနှင့် အခြားဆရာဝန်တစ်ဦးသည် အမျိုးသမီး အလောင်း ၅ လောင်းနဲ့ ၁၅ နှစ်အောက် မိန်းကလေး တစ်ယောက်အပါအဝင် အနည်းဆုံး ၃၁ လောင်းကို ခွဲထုတ်စစ်ဆေးခဲ့ပါသည်။

“တချို့က သူတို့ပါးစပ်တွေကို အဝတ်စတွေနဲ့ ပိတ်ဆို့ခြင်းခံထားရတယ်။ ဒီလူတွေ ပါးစပ်ပိတ်ဆို့ခံထားရတာတော့ သေချာတယ်ဗျ” ဟု Fortify Rights ကို ပြောသည်။ “ဦးခေါင်းခွံတိုင်းနီးပါး ကျိုးပဲ့ပြီး ဆိုးဆိုးဝါးဝါး အက်ကွဲနေတယ်၊… (တချို့အလောင်းတွေက) သူတို့ကို အရှင်လတ်လတ်မီးရှို့ ခဲ့တယ်လို့ ပြောလို့ရနိုင်တဲ့ သက်သေ အလုံအလောက်ကို ရခဲ့ပါတယ်”ဟုဆိုသည်။

ဤအနှစ်ချုပ် အစီရင်ခံစာသည် မေ ၂၀၂၁ နှင့် ဇန်နဝါရီ ၂၀၂၂ ကြားတွင် ၃၁ ယောက်သော မျက်မြင်သက်သေ၊ အသက်ဘေးမှ လွတ်မြောက် လာသူများနှင့် နေရပ်စွန့်ခွာသည်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူသားချင်း စာနာထောက်ထားရေးနှင့် အရပ်ဖက်အဖွဲ့အစည်းလုပ်သားများ၊ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့ဝင်များနှင့် အခြားသူများ၏ ကနဦးထွက်ဆိုချက်ကို အခြေခံထားပါသည်။ Fortify Rights သည် ရက်စက်ယုတ်မာမှုများ၏ ဓာတ်ပုံ၊ ဗီဒီယိုအထောက်အထားများနှင့် ကရင်နီပြည်နယ်တွင် လှုပ်ရှားနေသည့် လူသားချင်းစာနာထောက်ထားရေး အေဂျင်စီများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ရုံးတွင်းဖိုင်များနှင့် သက်သေခံ စာရွက်စာတမ်းများကိုလည်း ရယူသုံးသပ်နိုင်ခဲ့ပါသည်။

ဒီဇင်ဘာ ၂၀၂၁ နှင့် ဇန်နဝါရီ ၂၀၂၂ များတွင် အာဏာသိမ်းစစ်အုပ်စုသည် ကရင်နီပြည်နယ်ရှိ အရပ်သားပြည်သူများကို တိုက်ခိုက်ခြင်း၊ ယောကျ်ား၊ မိန်းမနှင့် ကလေးသူငယ်များကို သတ်ဖြတ်ခြင်း၊ အရပ်သားများနေထိုင်ရာ နေရာများပေါ် ဗုံးကြဲခြင်းနှင့် အရပ်သားပြည်သူများကို ပစ်မှတ်ထား၍ လက်နက်ကြီး၊ ရှူမီးနှင့် လေကြောင်းတိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ပါသည်။ ဤ ချိုးဖောက်မှုများကို မြန်မာအာဏာသိမ်းစစ်အုပ်စုနှင့် အခြားသော တိုင်းရင်းလက်နက်ကိုင်တပ်များနှင့် ပြည်သူ့ကာကွယ်ရေး တပ်မတော်(PDF) (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းမှုဖြစ်ပြီးနောက် မိမိကိုယ်ကိုကာကွယ်ရန်နှင့် စစ်အုပ်ချုပ်ရေးကို အာခံရန်ဖွဲ့စည်းထားသော ရပ်ရွာအသိုင်းအဝိုင်းမှ ဦးစီးသည့်တပ်) တို့ကြား လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်သော အခြေအနေများတွင် ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

အစီအရင်ခံစာသည် ကရင်နီပြည်နယ်ရှိပြည်သူများကို မြန်မာ့စစ်တပ်မှ လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်းနှင့် အဓမ္မပေါ်တာဆွဲခြင်းများကိုလည်း မှတ်တမ်းတင်ထားပါသည်။ ဥပမာ - မြန်မာစစ်တပ်သည် မိုးဗြဲမှ ၁၈ နှစ်အရွယ်ကျောင်းသားတစ်ဦး၊ ၎င်း၏ ဦးလေးနှင့် အခြားလူ နှစ်ယောက်ကို ၂၀၂၁ ဇွန်လ အစောပိုင်းတွင် ထိန်းသိမ်းခဲ့သည်။ စစ်သားများက ၎င်းတို့အား PDF တိုက်ခိုက်ရေးသမားများနှင့် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင် ပဋိပက္ခအတွင်း လူသားဒိုင်းကာအဖြစ် အသုံးပြုခဲ့သည်။

"သူတို့ သေနတ်တွေကို ကျွန်တော်တို့ ပခုံးပေါ်တင်တယ်၊ ပြီးရင် ကျွန်တော်တို့နောက်ကနေပြီး PDF တွေကို လှမ်းပစ်တယ်" ဟု လုံခြုံရေးအရ အမည်ကို ထိမ်ချန်ထားသူက Fortify Rights ကိုပြောသည်။ "ကျွန်တော်တို့ကို တုတ်ချည်ထားပြီးတော့ မျက်စိတွေကိုလည်း စည်းထားတယ်။ ကျွန်တော်တို့ကို နည်းပေါင်းစုံနှင့် နှိပ်စက်ခဲ့ကြတယ်။ သူတို့က ကိုယ်တွေကို ကန်တယ်၊ ခေါင်းကို သေနတ်ဒင်နဲ့ ထုတယ်၊ စသဖြင့်ပေါ့" ဟု ၎င်းက ဆိုသည်။

ကရင်နီအရပ်ဖက်အဖွဲ့အစည်းများကွန်ယက်၏ အလိုအရ အာဏာသိမ်းစစ်အုပ်စုသည် အာဏာသိမ်းပြီးချိန်မှစ၍ ကရင်နီပြည်နယ်၏ အရပ်သား ၁၇၀, ၀၀၀ (သို့) ပြည်နယ်ခန့်မှန်းလူဦးရေ ၃၀၀,၀၀၀ ၏ တဝက်ကျော်ကို

အစမ္မနေရပ် စွန့်ခွာစေခဲ့ပြီးဖြစ်သည်။ ကမ္ဘာကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်ကြီး (UNHCR) ၏ အဆိုအရ ၂၀၂၂ ဇန်နဝါရီ ၃၁ တွင် နိုင်ငံတွင်းနေရပ်စွန့် ကိန်းဂဏန်း ညွှန်းကိန်းမှာ အာဏာသိမ်းချိန်မှစ၍ ကရင်နီပြည်နယ်ရှိ ခန့်မှန်း နေရပ်စွန့်ခွာသူ ၈၁၈၀၀ နှင့် အိမ်နီးချင်းရှမ်းပြည်နယ်ရှိ ၅၆၂၀၀ တို့အပါအဝင် နေရပ်စွန့်ပြည်သူပေါင်း ၄၄၁၅၀၀ အဖြစ် မြင့်မားသည့် ပမာဏအသစ်တစ်ခုသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ UNHCR ကလည်း “ကယား (ကရင်နီ) ပြည်နယ် လူဦးရေ ၃၀၀,၀၀၀ ၏ မြောက်များစွာသောအချိုးအစား ပမာဏတစ်ခုမှာ ယခုအခါ နေရပ်စွန့်ခွာလျက်ရှိ”ကြောင်း မှတ်တမ်းတင်ခဲ့ဖူးသည်။



ကရင်နီမြို့ရွာများအား ဆက်လက်တိုက်ခိုက်နေခြင်းနှင့် ပြည်သူ့အိုးအိမ်၊ စည်းစိမ်များ ဖျက်စီးခံရခြင်းများကို ကြည့်ခြင်းအားဖြင့် မြန်မာစစ်တပ်၏ ပြည်သူများအား အဓမ္မနေရပ်စွန့်စေသည့်ကိစ္စမှာ အီလေးဆွဲရှည်ကြာနိုင်မည့် အလားအလာရှိကြောင်း Fortify Rights က ဆိုသည်။

နိုဝင်ဘာ ၂၀၂၃ တွင် Fortify Rights သည် ကရင်နီပြည်နယ်ရှိ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပိတ်ဆို့မှုအပေါ် စုံစမ်းဖော်ထုတ်သည့် အစီအရင်ခံစာ တစ်ခုကို ထုတ်ပြန်ခဲ့ပါသည်။ [သွားလာဆက်သွယ်ခွင့်ပိတ်ဆို့မှု-မြန်မာအာဏာသိမ်းစစ်တပ်၏-ကရင်နီ(ကယား)ပြည်နယ်အတွင်း ကယ်ဆယ်ရေးအကူအညီများအား ကန့်သတ်ပိတ်ပင်ခြင်း] အမည်ရှိ ၃၁ မျက်နှာပါ အနှစ်ချုပ်အစီအရင်ခံစာသည် မြန်မာစစ်တပ်မှ ကယ်ဆယ်ရေးလုပ်သားများအား လက်လွတ်စပယ်ဖမ်းစီးပုံ၊ သိုလှောင်ထားရှိသည့် စားနပ်ရိက္ခာများအား ဖျက်စီးပုံ၊ အကူအညီပစ္စည်းများအား သိမ်းပစ်ပုံနှင့် တခြားစစ်ရာဇဝတ်မှုမြောက်နိုင်သည့် လုပ်ရပ်များအား ဆက်လက်လုပ်ဆောင်နေပုံများကို မှတ်တမ်းတင်ခဲ့ပါသည်။ Fortify Rights ၏ "အနှစ်ချုပ်အစီရင်ခံစာများ"သည် ဖြစ်ပေါ်ဆဲ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ ဥသုံစုံစမ်းစစ်ဆေးမှုမဟုတ်သေးသည့် ကနဦးမှတ်တမ်းတင်ခြင်းများဖြစ်သည်။

ဂျနီဗာကွန်ဗန့်ရှင်းသည် လက်နက်ကိုင်ပဋိပက္ခကို ထိန်းညှိရန် အခြေခံစည်းမျည်းများကို ဖော်ပြထားသော စစ်ဥပဒေကို အဓိက ပြဌာန်းသည်။ ကရင်နီပြည်နယ်ရှိ မြန်မာ့စစ်တပ်၏ လူသတ်မှု၊ အဓမ္မနေရပ်စွန့်စေမှုနှင့် အရပ်သားအပေါ် အခြားတိုက်ခိုက်မှုများသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေးနှင့် လူ့အခွင့်အရေး ဥပဒေကို ဆိုးရွားစွာချိုးဖောက်ခြင်းဖြစ်ပြီး စစ်ရာဇဝတ်မှုအထိ မြောက်နိုင်သည်ဟု Fortify Rights က ဆိုသည်။

ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းမှု ၁ နှစ်ပြည့်တွင် ထုတ်ပြန်သော **[ပူးတွဲထုတ်ပြန်ချက်]** တစ်ခုတွင် ဥရောပသမဂ္ဂနှင့် ကနေဒါ၊ နော်ဝေး၊ UK နှင့် အမေရိကန်ပြည်ထောင်စုတို့ပါဝင်သော UN အဖွဲ့ဝင်နိုင်ငံ ၉ ခုမှ ဝန်ကြီးတို့သည် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်သူများကို ၎င်းတို့၏ ရာဇဝတ်မှုများအတွက် တာဝန်ခံစေရန်နှင့် နိုင်ငံများအနေဖြင့်လည်း "လက်နက်၊ ပစ္စည်းကိရိယာ၊ နှစ်လမ်းသွား ကိရိယာတန်ဆာပလာနှင့် နည်းပညာအကူအညီ" များကို အာဏာသိမ်းစစ်အုပ်စုအား ရောင်းချမှု ရပ်တန့်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းအား တိုက်တွန်းခဲ့ပါသည်။

၂၀၂၃ ဖေဖော်ဝါရီလမှစ၍ UN လူ့အခွင့်အရေးကောင်စီသည် မြန်မာနိုင်ငံရှိအကြမ်းဖက်မှုများအား ပုံစံအမျိုးမျိုးဖြင့် ရှုံ့ချထားသည့် သတင်းထုတ်ပြန်မှု ၄ ခုနှင့် (ကုလလုံခြုံရေးကောင်စီ) ဥက္ကဌ၏ [ထုတ်ပြန်ချက်] Presidential Statement တစ်ခုကို ထုတ်ပြန်ခဲ့သော်လည်း မည့်သည့် ထင်သာမြင်သာရှိသည့် အကျိုးသက်ရောက်မှုမျိုးမှ မရှိခဲ့ပါ။ လုံခြုံရေးကောင်စီမှ လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်ကဲ့သို့ ပိုမြင့်သည့် အရေးယူမှုဆိုင်ရာ အခြေအနေတစ်ရပ်လိုအပ်ကြောင်းကို မီးမောင်းထိုးဖော်ပြလျက် မြန်မာနိုင်ငံရှိ

အာဏာသိမ်းစစ်အုပ်စုသည် ကောင်စီ၏ ညွှန်ကြားချက်ကို အကြိမ်ကြိမ် ဆန့်ကျင်ခဲ့ကြောင်း Fortify Rights က ပြောသည်။

"အကြမ်းဖက်မှုကို ချက်ချင်းရပ်" ပြီး ပါဝင်ပတ်သက်သူအားလုံး အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်ရမည့် အဆုံးအဖြတ်ပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းဖော်ပြထားပြီး မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ ဘုံသဘောတူညီမှုဖြင့် ၂၀၂၁ ဧပြီလတွင် ချမှတ်သည့် အာဆီယံ၏ "ဘုံသဘောတူညီချက် ၅ ရပ်" Five Points Consensus ကို လည်း အာဏာသိမ်းအုပ်စုမှ အသိအမှတ်ပြုလိုက်နာရန် ပျက်ကွက်ခဲ့ပြန်သည်။

သတင်းရင်းမြစ်များအရ အာဆီယံသည် ဤအပတ်အစည်းအဝေးသို့ အာဏာသိမ်းအုပ်စု၏ နိုင်ငံခြားရေးဝန်ကြီးအား ဖိတ်ခေါ်မှုကို ငြင်းပယ်လိုက်ပါသည်။ ၎င်းအစား မြန်မာနိုင်ငံအား "နိုင်ငံရေးနှင့် မပတ်သက်သည့် ကိုယ်စားလှယ်" တစ်ဦးကို ပို့ပေးရန် ဖိတ်ကြားလိုက်ပါသည်။ ယင်းမတိုင်မီက ဤအဖွဲ့သည် အာဏာသိမ်းအုပ်စု၏ ကိုယ်စားလှယ်ကို ဖိတ်၊ မဖိတ်အပေါ် အငြင်းပွားမှုကြောင့် ဇန်နဝါရီလတွင် စီစဉ်ထားသည့် အစည်းအဝေးကို ရွှေ့ဆိုင်းခဲ့ရသည်ဟု ဆိုသည်။

"အာဏာသိမ်းအုပ်စုက အစိုးရမဟုတ်ဘူး၊ ရာဇဝတ် အုပ်စုပါ။ အာဆီယံစားပွဲဝိုင်းနှင့် မဆိုင်ဘူး" ဟု Ismail Wolff ကပြောသည်။ "မင်းအောင်လှိုင်နဲ့ သူ့အာဏာသိမ်းစစ်အုပ်စုကို မည်သည့် နိုင်ငံရေးအရ တရားဝင်မှုမျိုးမဆို ပေးခဲ့မိရင် အာဆီယံအတွက် တော်တော်အန္တရာယ်ကြီးလိမ့်မယ်" ဟု ၎င်းက ဆိုသည်။

ယနေ့အနှစ်ချုပ်အစီရင်ခံစာက UN လုံခြုံရေးကောင်စီ၊ အာဆီယံနှင့် UN အဖွဲ့ဝင်နိုင်ငံများ၊ မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေးအစိုးရ NUG၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် မြန်မာ့အာဏာသိမ်း စစ်အုပ်စုတို့အား အကြံပြုချက်ပေါင်း ၁၈ ချက်အား တင်ပြထားပါသည်။

ဤအစီအရင်ခံစာက မြန်မာ့စစ်တပ်အား လက်နက်နှင့် နှစ်လမ်းသွားနည်းပညာ (Dual Technology) ရောင်းချမှုကို တားမြစ်ရန် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့် တစ်ရပ်အား ချမှတ်သည့် ဖြေရှင်းချက်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းဖို့ UN လုံခြုံရေးကောင်စီကို အကြံပြုထားပါသည်။ ထို့အပြင် ၎င်းက မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန်နှင့် မြန်မာစစ်တပ်၏ ငွေကြေးရရှိနေမှုလမ်းကြောင်း အထူးသဖြင့် တစ်ခုတည်းနှင့် အကြီးမားဆုံးသော ဝင်ငွေအရင်းအမြစ်ဖြစ်သည့် သဘာဝဓာတ်ငွေ့ရောင်းချခြင်းမှ ဝင်ငွေရရှိနေမှုကို ပိတ်ပင်တားမြစ်ရန် တောင်းဆိုထားပါသည်။

အဖြေရှာဖြေရှင်းမှုများအပေါ် NUG နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ လိုအပ်သည့် ပစ္စည်းအကူအညီများပေးအပ်ခြင်းနှင့် အာဏာသိမ်းစစ်အုပ်စုအပေါ် လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်ချမှတ်မှုကို အားပေးထောက်ခံခြင်းအပါအဝင် ဤကြိုးပမ်းမှု၌ ပိုမို အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ဤအစီအရင်ခံစာမှ အထူးသဖြင့် တောင်းဆိုထားပါသည်။

အာဆီယံနိုင်ငံများမှာ မြန်မာနိုင်ငံ၏ အဓိက လက်နက်တင်ပို့ပေးသွင်းသည့် နိုင်ငံများမဟုတ်သော်လည်း အရပ်သားအပေါ် စစ်တပ်၏ တိုက်ခိုက်မှုကြောင့် ဖြစ်လာသော နိုင်ငံရေး၊ စီးပွားရေး၊ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အခြေအနေဆိုးများနှင့် အမြဲလိုလိုပတ်သတ်နေရသည့် နိုင်ငံများ ဖြစ်သည်ဟု Fortify Rights က ဆိုသည်။

"မြန်မာစစ်တပ်ဟာ ရိုဟင်ဂျာမူဆလင်များအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကို အရေးယူခြင်းမခံရဘဲ ကျူးလွန်ခဲ့သလို အခြားတိုင်းရင်းသားလူမျိုးတွေအပေါ်မှာလည်း လူသားမျိုးနွယ်အစုအပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုနဲ့ စစ်ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တာ အပါအဝင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဆယ်စုနှစ်ပေါင်းများစွာ ခြိမ်းခြောက်နေတာပါ" Ismail Wolff က ဆိုသည်။ "ဒီရက်စက်ယုတ်မာမှုတွေကို အဆုံးသတ်နိုင်ဖို့ လက်နက်ကုန်သွယ်ခွင့်တားမြစ်မိန့်က အရမ်းအရေးပါတယ်၊ ပြီးတော့ ဒါဟာ အာဆီယံအတွက် အဆင့်များစွာမှာ ဗျူဟာမြောက်တဲ့လုပ်ဆောင်ချက် ဖြစ်ပါလိမ့်မယ်။ ချက်ချင်း အရေးယူဆောင်ရွက်ဖို့ အရေးတကြီး လိုအပ်နေပြီ"ဟု ၎င်းက ဆိုသည်။

ဆက်သွယ်ရန်-

Ismail Wolff, Regional Director, Fortify Rights

+66 81 643 0009 (Thailand)

Email: ismail.wolff@fortifyrights.org

Twitter: @ismailwolff, @FortifyRights

Matthew Smith, Chief Executive Officer, Fortify Rights

+1.202.503.8032 (U.S.; Signal)

+66 85 028 0044 (Thailand, WhatsApp)

Email: Matthew.Smith@FortifyRights.org

Twitter: @matthewfsmith, @FortifyRights